# နိုင်ငံခြားသားများနှင့် အတူယှဉ်တွဲနေထိုင်မည့် လူ့အဖွဲ့အစည်း အကောင်အထည်ဖော်ရန်အတွက် လမ်းပြမြေပုံ(၂၀၂၃ ခုနှစ်တွင် တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသည်) (ခြုံငုံသုံးသပ်ချက်)

၂၀၂၂ ခုနှစ်ဇွန်လတွင်၊ ကျွန်ုပ်တို့၏နိုင်ငံသည် နိုင်ငံခြားသားများနှင့်သဟဇာတဖြစ်စွာနေထိုင်နိုင်သော လူ့အဖွဲ့အစည်းတစ်ရပ်ဆိုသည့် ရည်မှန်းသင့်သောစိတ်ကူးနှင့် ယင်းကိုလက်တွေ့အကောင်အထည်ဖော်ရန် ကာလတိုနှင့်ရေရှည်ကိစ္စရပ်များ၊ အသေးစိတ်အစီအမံများကိုပြသသော လမ်းပြမြေပုံတစ်ရပ်ကို ချမှတ်ခဲ့ပါသည်။ မကြာသေးမီက အစီအမံများကို ကောင်းမွန်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အဆိုပါအကောင်အထည်ဖော်မှု အခြေအနေနှင့် ပတ်သက်၍ ကျွမ်းကျင်သူများ၏ သဘောထားမှတ်ချက်ကိုရယူပြီး စစ်ဆေးမှုများဆောင်ရွက်ခြင်း အစီအမံများအားပြန်လည်သုံးသပ်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ခဲ့ပါသည်။

## ၁။ ရည်မှန်းထားသင့်သည့် နိုင်ငံခြားသားများနှင့် အတူယှဉ်တွဲနေထိုင်မည့် လူ့အဖွဲ့အစည်း၏ အမြင် (vision 3 ခု)

### ဘေးကင်း၊ လုံခြုံစိတ်ချရသော လူ့အဖွဲ့အစည်း

အနာဂတ်တွင် ဂျပန်လူ့အဖွဲ့အစည်းကို အတူတကွ ဖန်တီးမည့် ပါဝင်သူအနေဖြင့် နိုင်ငံခြားသားများအား ထည့်သွင်းကာ၊ လူအားလုံး ဘေးကင်းပြီး လုံခြုံစိတ်ချစွာ နေထိုင်နိုင်သော လူ့အဖွဲ့အစည်း

### မတူကွဲပြားမှုများဖြင့် ကြွယ်ဝသော အားမန်တက်ကြွသည့် လူ့အဖွဲ့အစည်း

နောက်ခံအမျိုးမျိုးရှိသည့် နိုင်ငံခြားသားများ အပါအဝင် လူအားလုံးသည် လူ့အဖွဲ့အစည်း တွင် ပါဝင်ပြီး၊ စွမ်းရည်များကို အမြင့်ဆုံးပြသ နိုင်သည့်၊ မတူကွဲပြားမှုများဖြင့် ကြွယ်ဝသော အားမန်တက်ကြွသည့် လူ့အဖွဲ့အစည်း

### လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးကို လေးစားသော လူ့အဖွဲ့အစည်း

နိုင်ငံခြားသားများ အပါအဝင်၊ လူအားလုံး သည် အပြန်အလှန် တစ်ဦးချင်း၏ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးကို လေးစား ပြီး၊ ခွဲခြားဆက်ဆံခြင်းနှင့် မလိုမုန်း ထားခြင်းမရှိဘဲ နေထိုင်နိုင်သော လူ့အဖွဲ့အစည်း

## ၂။ ဖြေရှင်းဆောင်ရွက်သင့်သည့် ကာလအလယ်အလတ်၊ ရေရှည်ပုစ္ဆာ (ဦးစားပေးအချက် 4 ချက်)

1 ချောမွေ့စွာ ပြောဆိုဆက်ဆံခြင်းနှင့် လူမှုရေး၌ပါဝင်မှုတို့အတွက် ဂျပန်ဘာသာစကားပညာရေးစသည်တို့အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

2 နိုင်ငံခြားသားများထံသို့ သတင်းအချက်အလက်များ ဖြန့်ဝေပေးပို့ခြင်း၊ နိုင်ငံခြားသားများအတွက် တိုင်ပင်ဆွေးနွေးမှုစနစ် စသည်တို့ကို အားဖြည့်ဆောင်ရွက်ခြင်း

3 ဘဝဖြတ်သန်းမှုအဆင့်၊ ဘဝစက်ဝန်းနှင့်သင့်လျော်သည့် ပံ့ပိုးပေးမှု

4 အတူယှဉ်တွဲနေထိုင်မည့် လူ့အဖွဲ့အစည်း၏ အခြေခံအုတ်မြစ် ပြင်ဆင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

# ၃။ ဦးစားပေးအချက်နှင့် ပတ်သက်သော အဓိက ကြိုးပမ်းဆောင်ရွက်မှုများ

## ၁။ ချောမွေ့စွာ ပြောဆိုဆက်ဆံခြင်းနှင့် လူမှုရေး၌ပါဝင်မှုတို့အတွက် ဂျပန်ဘာသာစကားပညာရေး စသည်တို့အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

- ○ မြို့နယ်၊ စီရင်စု စသည်တို့မှ ဆောင်ရွက်သော ဂျပန်ဘာသာစကားပညာရေးကို အားဖြည့်ဆောင်ရွက်ရန်အတွက် ပြီးပြည့်စုံစွာ ခြုံငုံထားသည့်စနစ် ဖန်တီးခြင်းကို တည်ငြိမ်စွာ ရှေ့ဆက်ဆောင်ရွက်သည်နှင့်အတူ၊ မြို့ ရပ်ကွက်၊ မြို့နယ်၊ ကျေးရွာမှ မြို့နယ်၊ စီရင်စု စသည်တို့နှင့် ပူးပေါင်းပြီးဆောင်ရွက်သော ဂျပန်ဘာသာစကားပညာရေးအပါအဝင် ပံ့ပိုးကူညီမှု 【စာပေ】 《1》
- ○"ဂျပန်ဘာသာစကားပညာရေး၏ ကိုးကားဘောင်" တွင်ပြသထားသော ပညာရေးအကြောင်းအရာနှင့် လယ်ဗယ်အတိုင်း အတာ စသည်တို့နှင့် သက်ဆိုင်သော နယ်ပယ်အလိုက် ပညာရေး model ဖွံ့ဖြိုးတိုးတက်ရေး 【စာပေ】 《3》
- ○ဘဝနေထိုင်မှု orientation (ဂျပန်တွင်နေထိုင်ရန်အတွက် အခြေခံ သတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်း၊ အခြေခံဂျပန် ဘာသာလေ့လာခြင်း) ဗီဒီယိုများ ပြုလုပ်ခြင်း၊ လက်တွေ့အသုံးချခြင်းစသည်တို့ဖြင့် လူမှုဆက်ဆံရေးစနစ် စသည်တို့၏ အသိပညာများကို လေ့လာသင်ယူနိုင်သည့် ပတ်ဝန်းကျင်တစ်ခုကို (ဂျပန်သို့မလာမီအပါအဝင်။) ပြင်ဆင်ထားရှိခြင်း 【 ဥပဒေရေးရာ 】 《6》
- ○နေ့စဉ်ဘဝအခြေအနေအလိုက် ဂျပန်ဘာသာစကားကို သင်ယူနိုင်သည့် ICT သင်ထောက်ကူပစ္စည်းများ တိုးတက်ဖွံ့ဖြိုးစေခြင်း၊ ပံ့ပိုးပေးခြင်း 【စာပေ】 《8》
- ○ဂျပန်နိုင်ငံသို့ မလာရောက်မီ ချောမွေ့သော ဆက်သွယ်ပြောဆိုနိုင်စွမ်းကို ကျွမ်းကျင်တတ်မြောက်စေရန် နိုင်ငံရပ်ခြား၌ ဂျပန်ဘာသာစကား ပညာသင်ကြားရေး ပတ်ဝန်းကျင်ကို ကျယ်ပြန့်စေခြင်း 【နိုင်ငံခြားရေး】 《9》
- ○ဂျပန်ဘာသာစကား ပညာသင်ကြားရေး အဖွဲ့အစည်းများအတွက် အသိအမှတ်ပြုစနစ်နှင့် ဂျပန်စာသင်ဆရာများ၏ အရည်အချင်းစနစ် ပြင်ဆင်ဆောင်ရွက်ခြင်း 【စာပေ】 《11》

## ၃။ ဘဝဖြတ်သန်းမှုအဆင့်၊ ဘဝစက်ဝန်းနှင့်သင့်လျော်သည့် ပံ့ပိုးပေးမှု

- ○ ကလေးပြုစုပျိုးထောင်စဉ် မိဘများနှင့်ကလေးများ၏ အချင်းချင်းအပြန်အလှန်ဆက်ဆံမှုနှင့် ကလေးပြုစုပျိုးထောင်မှု ပူပင်၊ စိုးရိမ်မှုများကို ဆွေးနွေးနိုင်သည့် နေရာတစ်ခုကိုပံ့ပိုးပေးခြင်း စသည်တို့ကိုဆောင်ရွက်သည့် ဒေသဆိုင်ရာ ကလေးပြုစု ပျိုးထောင်ရေး ပံ့ပိုးမှုဆောင်ရွက်သည့်နေရာလုပ်ငန်းကို အကောင်အထည်ဖော်ခြင်း 【ကလေးနှင့်မိသားစုရေးရာအေဂျင်စီ】 《33》
- ○ နေထိုင်သူအခြေခံမှတ်တမ်းတင်စနစ်နှင့် ကျောင်းနေအရွယ်စာရင်းသွင်းစနစ်တို့ကို ချိတ်ဆက်ခြင်းဖြင့် နိုင်ငံခြားကလေးများ၏ ကျောင်းတက်ရောက်မှုအခြေအနေအပေါ် တစ်ပေါင်းတည်းစီမံခန့်ခွဲ၊ ဖမ်းဆုပ်နားလည်နိုင်မှုကို တိုးတက်စေခြင်း 【စာပေ】 《36》
- ○အစိုးရအထက်တန်းကျောင်းဝင်ခွင့်ရသူ ရွေးချယ်ရာတွင် နိုင်ငံခြားကျောင်းသားများအတွက် အထူးကန့်သတ်ခွင့်ပြုမှုဘောင် ချမှတ်ဆောင်ရွက်ခြင်းနှင့် စာမေးပွဲဖြေဆိုသည့်အခါ ထည့်သွင်းစဉ်းစားရန် ကြိုးပမ်းအားထုတ်မှုများကို တိုးတက်စေခြင်း 【စာပေ】 《47》
- ○ အထက်တန်းကျောင်းများတွင် ဂျပန်ဘာသာစကား တစ်ဦးချင်းသင်ကြားပို့ချမှုကို သင်ရိုးညွှန်းတမ်းအဖြစ် သတ်မှတ်ပြီ အကောင်အထည် ဖော်မည့်စနစ်ကို ထည့်သွင်းဆောင်ရွက်ခြင်း 【စာပေ】 《49》
- ○ Hellowork ၏ နိုင်ငံခြားသား အလုပ်အကိုင်ဝန်ဆောင်မှုကော်နာတွင် နယ်ပယ်ကျွမ်းကျင်ပညာရှင်အတိုင်ပင်ခံနှင့် စကားပြန် များခန့်အပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကြံဉာဏ်ပေးခြင်းကို အကောင်အထည်ဖော်ခြင်း၊ နိုင်ငံခြားသား အလုပ်အကိုင်ဝန်ဆောင်မှုစင်တာ စသည်တို့တွင် ပညာတော်သင်ကျောင်းသားများအတွက် ပံ့ပိုးပေးခြင်း 【အလုပ်သမားနှင့် လူမှုဖူလုံရေး】 《57》
- ○ နိုင်ငံခြားသားကျောင်းသားများအတွက် ပြည်တွင်းကုမ္ပဏီများတွင် အလုပ်အကိုင်အခွင့်အလမ်းမြှင့်တင်ရေးနှင့် သက်ဆိုင် သည့်အစီအစဉ်များအကြား ထိရောက်သောပူးပေါင်းဆောင်ရွက်မှုများနှင့် လိုအပ်သောပြင်ဆင်သုံးသပ်ချက်များကို အကောင် အထည်ဖော်ခြင်း၊ ပြည်တွင်းအလုပ်အကိုင်ရရှိနှုန်းကိုပင် ပိုမိုတိုးတက်မှုရရှိနိုင်စေရန်အစီအစဉ်များကို အကောင်အထည်ဖော် ခြင်း 【စာပေ】 《59》
- ○ အခြေချနေထိုင်သော နိုင်ငံခြားသားများအတွက် ဂျပန်ဘာသာစကားစွမ်းရည်ကို ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းသင်တန်းများ အကောင်အထည်ဖော်ခြင်း 【အလုပ်သမားနှင့် လူမှုဖူလုံရေး】 《61》
- ○ ပင်စင်စနစ်နှင့် စပ်လျဉ်း၍ လူသိများစေခြင်း၊ လူထုနှင့်ဆက်ဆံရေးကို ဆက်လက်လုပ်ဆောင်ခြင်း၊ ပြီးပြည့်စုံစေခြင်း 【အလုပ်သမားနှင့် လူမှုဖူလုံရေး】 《63》
- ○ "နေထိုင်နေသော နိုင်ငံခြားသားများအတွက် အခြေခံစစ်တမ်းများ" စသည်တို့မှတဆင့် အခြေအနေမှန်ကို နားလည်စေခြင်းစသည် 【ဥပဒေရေးရာ】 《66》

## ၂။ နိုင်ငံခြားသားများထံသို့ သတင်းအချက်အလက်များ ဖြန့်ဝေပေးပို့ခြင်း၊ နိုင်ငံခြားသားများအတွက် တိုင်ပင်ဆွေးနွေးမှုစနစ် စသည်တို့ကိုအားဖြည့်ဆောင်ရွက်ခြင်း

- ○ "ဘဝနေထိုင်မှုနှင့် အလုပ်လမ်းညွှန်စာအုပ်" နှင့် "နိုင်ငံခြားသားများ၏ ဘဝနေထိုင်မှု ပံ့ပိုးကူညီရေး Portal Site" ၏တင်ပြမှု မူဝါဒကို ဖန်တီးပြီး၊ ထုတ်ဝေခြင်း 【ဥပဒေရေးရာ】 《17》
- ○ Myna portal စသည်တို့မှတဆင့် သတင်းအချက်အလက်အမြန်ရရှိနိုင်ခြင်းနှင့် မှာကြားနိုင်သည့်ပုံစံ၊ တိုက်ရိုက်ပုံစံ သတင်း အချက်အလက်ဖြန့်ဝေခြင်းတို့အား စဉ်းစားသုံးသပ်ခြင်း 【ဥပဒေရေးရာ】 《18》
- ○ နိုင်ငံခြားသားများ လက်ခံမှုပတ်ဝန်းကျင် ပြုပြင်ထိန်းသိမ်းရန် ထောက်ပံ့ကြေးများကို ပြန်လည်သုံးသပ်ခြင်းစသည်တို့ဖြင့် ဗဟိုမှချုပ်ကိုင်သော အတိုင်ပင်ခံကောင်တာ ထားရှိ တိုးတက်စေခြင်း 【ဥပဒေရေးရာ】 《20》
- ○ ဘာသာစကားမျိုးစုံ ဘာသာပြန်နည်းပညာ နှင့်စပ်လျဉ်း၍ လက်တွေ့အသုံးချအဆင့်၏ "တပြိုင်နက်တည်း စကားပြန်ဆိုခြင်း" ကိုအကောင်အထည်ဖော်ခြင်းနှင့် ဦးစားပေး ပံ့ပိုးဘာသာစကား 21 မျိုးအထိ ကျယ်ပြန့်စွာချဲ့ထွင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း【အထွေထွေရေးရာ】 《23》
- ○ နိုင်ငံခြားသားများကို ပံ့ပိုးကူညီသော ဒေသခံဆက်စပ်အဖွဲ့အစည်းများမှ ပူးပေါင်းပြီး ညှိနှိုင်းဆွေးနွေးပွဲကို အကောင်အထည်ဖော်ခြင်း 【ဥပဒေရေးရာ】 《27》
- ○ လွယ်ကူသော ဂျပန်ဘာသာစကား ပြန့်ပွားစေရေးအတွက် လက်တွေ့သင်တန်းပေးခြင်းကို အကောင်အထည်ဖော်ခြင်းစသည် 【ဥပဒေရေးရာ】 【စာပေ】 《31》 《32》

## ၄။ အတူယှဉ်တွဲနေထိုင်မည့် လူမှုအဖွဲ့အစည်း၏ အခြေခံအုတ်မြစ် ပြင်ဆင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း

- ○"နိုင်ငံခြားသားများနှင့် အတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် သက်ဆိုင်သော အသိပညာပေးကာလ (ယာယီအမည်) " ကို တည်ထောင်ပြီး၊ အမျိုးမျိုး၏ event များကို အကောင်အထည်ဖော်ခြင်း 【ဥပဒေရေးရာ】 《67》 《68》
- ○ကျောင်းများတွင် ယဉ်ကျေးမှုပေါင်းစုံ နားလည်စေမှု၊ ယဉ်ကျေးမှုပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေး အယူအဆအပေါ် အခြေခံ၍ ပညာရေးကို ပိုမိုတိုးပွားစေခြင်း၊ ပြီးပြည့်စုံစေမှုတို့ကို အရှိန်တင်လုပ်ဆောင်ခြင်း 【စာပေ】 《71》
- ○ နေထိုင်သူနိုင်ငံခြားသား စာရင်းဇယားစသည်တို့ကို အသုံးပြုပြီး၊ နိုင်ငံသားခံယူထားသောနိုင်ငံ၊ နေထိုင်ခွင့်အရည်အချင်း၊ လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီစသည့် နိုင်ငံခြားသား၏ နေထိုင်မှုအခြေအနေ အစစ်အမှန်ကို နားလည်သဘောပေါက်နိုင်စေမည့် စာရင်းအင်းဇယားအသစ်ကို ဖန်တီး၊ ထုတ်ဝေခြင်း 【ဥပဒေရေးရာ】 《74》
- ○ နိုင်ငံခြားအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေစသည်တို့၏ အလုပ်ခန့်အပ်စီမံခန့်ခွဲမှု၊ ပြည်တွင်းပြည်ပ အလုပ်သမားရွှေ့ပြောင်း မှု စသည်တို့၏ အခြေအနေ အစစ်အမှန်ကို နားလည်နိုင်ရန်အတွက် စာရင်းဇယားများ ပြင်ဆင်ဆောင်ရွက်ခြင်း 【အလုပ်သမားနှင့် လူမှုဖူလုံရေး] 】 《75》
- ○ ပုဂ္ဂလိက ပံ့ပိုးကူညီရေးအဖွဲ့များမှ ဆောင်ရွက်သော နိုင်ငံခြားသားများအတွက် နေရပ်ဒေသကို ကျော်လွန်၍ ပံ့ပိုးကူညီမှုများဆောင်ရွက်ခြင်းကို ကူညီပေးရန်အတွက် အစမ်းစီမံကိန်း အကောင်အထည်ဖော်ခြင်း 【ဥပဒေရေးရာ】 《80》
- ○ ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနတွင် နေထိုင်မှုစီမံခန့်ခွဲမှုအတွက် လိုအပ်သော အချက်အလက်များကို ဗဟိုမှ ဖမ်းဆုပ်နားလည်နိုင်သော ဖွဲ့စည်းပုံတစ်ခု တည်ဆောက်ရန် စဉ်းစားခြင်း 【ဥပဒေရေးရာ】 《82》
- ○ မိုင်နမ်ဘာကတ်နှင့် နေထိုင်ခွင့်ကတ်ပြားတို့ကို တစ်ခုတည်း ပေါင်းစပ်ခြင်းဖြင့် ပိုမိုအဆင်ပြေစေခြင်း 【ဥပဒေရေးရာ】 《85》
- ○ နိုင်ငံခြားသား အထောက်အပံ့ ဝန်ထမ်းများအတွက် ပညာပေးခြင်းနှင့်၊ နယ်ပယ်ကျွမ်းကျင်မှုမြင့်မားသည့် အထောက်အပံ့ ဝန်ထမ်းများအတွက် အသိအမှတ်ပြု လက်မှတ်စနစ်စသည်တို့နှင့် စပ်လျဉ်း၍ စဉ်းစားခြင်း 【ဥပဒေရေးရာ】 《86》

*အနီရောင်ဖြင့်ဖော်ပြထားသော မူဝါဒအမှတ်စဉ်များမှာ ၂၀၂၃ ခုနှစ်အတွင်း တစ်စိတ်တစ်ပိုင်းပြင်ဆင်မှုကြောင့် ပေါ်ပေါက်လာသော မူဝါဒအသစ်များဖြစ်သည်။

## ၄။ တိုးတက်စေမည့်စနစ်

- စီမံကိန်းကာလသည် 2026 ဘဏ္ဍာနှစ်အထိဖြစ်သည်
- ကျွမ်းကျင်သူများ၏ ထင်မြင်ယူဆချက်များကို နားထောင်လျက် နှစ်စဉ်စစ်ဆေးခြင်းဖြင့် တိုးတက်မှုကို အတည်ပြုခြင်း၊ လိုအပ်သလို အစီအမံများကို သုံးသပ်ခြင်း
- ပြီးပြည့်စုံစွာခြုံငုံ တန်ပြန်စီမံဆောင်ရွက်မှုအရ သက်ဆိုင်ရာဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် အစီအမံများကို ရှင်းလင်းတင်ပြခြင်း

## ၅။ ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြန်လည်သုံးသပ်ရမည့်အချက်များ

### ကျွမ်းကျင်သူများက ထောက်ပြသည့် အဓိကအချက်များ

- နှစ်စဉ်အကောင်အထည်ဖော်ရမည့်မူဝါဒနှင့်ပတ်သက်၍ လိုင်းဇယားသည် တစ်လိုင်းတည်း ဖြစ်နေသဖြင့် အမှန်တကယ်အခြေအနေကို နားလည်ရန်ခက်ခဲနေခြင်း။
- (KPI အညွှန်း) ရလဒ်အညွှန်း၊ သို့မဟုတ် လုပ်ဆောင်နိုင်မှုအညွှန်းများကို အသုံးပြု၍ မူဝါဒ သက်ရောက်မှုများကို လွယ်ကူစွာနားလည်စေခြင်း။
- KPI အညွှန်းကိန်းများသည် အချိန်နှင့်အမျှ ပြောင်းလဲသည်ကို နားလည်နိုင်ရန် အရေးကြီးသည့်အတွက် လမ်းပြမြေပုံကို ဆုံးဖြတ်ခြင်းမပြုမီ ကိန်းဂဏန်းများကို နှိုင်းယှဉ်ပြသရန် လိုအပ်ခြင်း။
- အသစ်လုပ်ဆောင်ရမည့် အစီအစဉ်အတွက် KPI အညွှန်းသတ်မှတ်ရန်ခက်ခဲသည်ကို နားလည်သော်လည်း KPI အညွှန်းကိုသတ်မှတ်သမျှကာလပတ်လုံး တိကျရန်လိုအပ်ခြင်း။
- အခြားကိစ္စရပ်များ၊ သီးခြားအစီအမံများဖြင့် ကိစ္စရပ်များကို ညွှန်ပြခြင်း။

### အဓိကပြန်လည်သုံးသပ်ချက်

| | |
|---|---|
| လုပ်ငန်းစဉ်ဇယားပြန်လည်သုံးသပ်မှု | ၇၀ခု |
| KPIအညွှန်းများကို ပြန်လည်သုံးသပ်မှု | ၂၈ခု |
| အသစ်၊မူဝါဒအကြောင်းအရာ ပြန်လည်သုံးသပ်မှု | ၁၃ခု |